International
Labour
Organization

# လူငယ်များအတွက် Y ဘေးအန္တရာယ်ကင်းရှင်းသည့် လုပ်ငန်းခွင်စာအုပ်

## လူငယ်များအတွက် ဘေးအန္တရာယ်ကင်းရှင်းသည့် လုပ်ငန်းခွင်စာအုပ်အား မည်သို့အသုံးချမည်နည်း။

မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းခွင်ရှိ
အလုပ်ရှင်များ၊ အလုပ်ရှင်အဖွဲ့အစည်းများအတွက်
လမ်းညွှန်ချက်မှတ်စု

USER'S GUIDE

၂၀၁၈
Safe Youth @ Work Project
မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေး အစီအစဉ်(My-PEC)
အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့

# အသုံးချနည်းလမ်းညွှန်

## လူငယ်များအတွက်
## ဘေးအန္တရာယ်ကင်းရှင်းသည့်လုပ်ငန်းခွင်စာအုပ်အား
## မည်သို့အသုံးချမည်နည်း။

မြန်မာနိုင်ငံ  ဆောက်လုပ်ရေးလုပ်ငန်းခွင်ရှိ
အလုပ်ရှင်များ၊  အလုပ်ရှင်အဖွဲ့အစည်းများအတွက်
လမ်းညွှန်ချက်မှတ်စု

Safe Youth @ Work Project in Myanmar
Myanmar Programme On the Elimination of Child Labour (My-PEC)
International Labour Organization (ILO)

**မူပိုင်ခွင့်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း၊ ၂၀၀၈ ခုနှစ်၊**

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ပုံနှိပ်ထုတ်ဝေခြင်းများသည် Universal Copyright Convention Protocol 2 နှင့်အညီ မူပိုင်ခွင့်ရရှိထားပြီး ဖြစ်ပါသည်။ သို့ရာတွင် ထုတ်ဝေမှုများထဲမှ အချို့သော အချက်များကို ၎င်းတို့အား ထုတ်နုတ်ယူရာ မူလရင်းမြစ်အား ရည်ညွှန်ဖော်ပြီး ခွင့်ပြုချက်တောင်းခံစရာ မလိုဘဲ ကူးယူဖော်ပြနိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ပုံနှိပ်ထုပ်ဝေခြင်းများနှင့် စပ်လျဉ်းပြီး ပြန်လည်ထုတ်ဝေခြင်း သို့မဟုတ် ဘာသာပြန်ခြင်းဆိုင်ရာ မူပိုင်ခွင့်အတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ အမှတ် CH 1211၊ ဂျီနီဗာ ၂၂၊ ဆွစ်ဇာလန်နိုင်ငံ သို့မဟုတ် အီးမေး rights@ilo.org သို့ လျှောက်ထား ရယူသင့်ပါသည်။ ထိုသို့ လျှောက်ထားမှုများကိုလည်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့မှ ကြိုဆိုအပ်ပါသည်။

စာကြည့်တိုက်များ၊ အဖွဲ့အစည်းအများ၊ ပြန်လည်ထုတ်ယူခွင့်ရှိသည့် အဖွဲ့အစည်းများထံတွင် မှတ်ပုံတင်ထားသူများအနေဖြင့် ပြန်လည်ထုတ်ယူခွင့်ဆိုင်ရာ လိုင်စင်ခွင့်ပြုချက်နှင့်အညီ စာစောင်များ ထုတ်လုပ်ဖြန့်ဝေနိုင်ပါသည်။ www.ifrro.org သို့ဝင်ရောက်ပြီး သင့်နိုင်ငံနှင့် ဆိုင်သည့် ထုတ်ဝေခွင့်ကို ကြည့်ပါ။

FUNDAMENTALS & LABADMIN/OSH

*လူငယ်များနှင့်အလုပ်လုပ်ခြင်း။ မြန်မာနိုင်ငံရှိလူငယ်အလုပ်သမားများ လုပ်ကိုင်နေသည့်ဆောက်လုပ်ရေး လုပ်ငန်းခွင်မန်နေဂျာများအတွက် လက်တွေ့အကြံပြုချက်များ၊* အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ Fundamental Principles and Rights at Work Branch (FUNDAMENTALS), Labour Administration, Labour Inspection and Occupational Safety and Health Brach(LABADMIN/OSH)- ရန်ကုန်၊ အပြည်ပြည်ဆိုင်ရာအလုပ်သမား ရေးရာ အဖွဲ့၊ ၂၀၁၈။ ISBN : 978-92-2-030778-6 (Print); 978-92-2-030779-3 (Web PDF)

International Labour Office; ILO Fundamental Principles and Rights at Work Branch အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရှုနိုင်သည်။ *How to use the Safe Work for Youth Kit- User's Guide – A guidance note for employers and employer associations in the construction industry in Myanmar,* ISBN : 978-92-2-030776-2 (print); 978-92-2-030777-9 (Web PDF), Yangon, 2018

*ILO ပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာ အချက်အလက် ကတ်တလောက်*

| ဂုဏ်ပြုမှတ်တမ်း |
| --- |
| ဤစာအုပ်ဖြစ်မြောက်လာစေရန် FUNDAMENTALS အတွက်ILO, Geneva, SafeYouth@Work project မှ နည်းပညာ အကြံပေး အရာရှိ Nicholas Levintow ကအသေးစိတ်ပြုစုပြီး၊ အတိုင်ပင်ခံ Susan Gunnမှ အခြေခံပြုစုထားသည်။ ILO, Yangon ရုံး၊ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးအစီအစဉ်မှ နည်းပညာအကြံပေးအရာရှိ Mr.Selim Benaissa က ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၊ ရန်ကုန်ရုံးမှ နှင်းဝတ်ရည်နှင့် စန္ဒာဝင်းတို့အနေဖြင့်လည်း အကြံပြုချက်များ၊ အကူအညီများ၊ အထောက်အပံ့များပြုခဲ့ကြပါသည်။ ဤပုံနှိပ်ထုတ်ဝေခြင်းအတွက် မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေး အစီအစဉ်(My-PEC) (MMR/13/10/USA) ၏ပရောဂျက်မူဘောင်အောက်မှ ပူးပေါင်းသဘောတူညီမှုဆိုင်ရာအမှတ် IL-25263-14-75-K နှင့် Safe Youth @ Work project (MMR/16/50M/USA) ၏ ပူးပေါင်းသဘောတူညီမှုဆိုင်ရာ အမှတ် IL-226690-14-75-k-11 အမေရိကန် ပြည်ထောင်စု အလုပ်သမားဌာန ရန်ပုံငွေဖြင့်ထောက်ပံ့ပေးသည်။ |

ဤပုံနှိပ်ထုတ်ဝေခြင်းသည် အမေရိကန်ပြည်ထောင်စု အလုပ်သမားဌာန၏ အမြင်(သို့)မူဝါဒများနှင့် သက်ဆိုင်မှုမရှိပါ။ (သို့) လုပ်ငန်းအမည်၊ စီးပွား ထုတ်ကုန်များ (သို့) အမေရိကန်ပြည်ထောင်စု အစိုးရမှ အတည်ပြုထောက်ခံထားသော အဖွဲ့အစည်းများအဖြစ် ဖော်ပြထားခြင်းမရှိပါ။ (My-PEC) စီမံချက်တစ်ခုလုံးကို စီမံချက်သက်တမ်းတိုးအပါအဝင် အမေရိကန်ဒေါ်လာ၆သန်းနှင့် Safe Youth @ Work project အတွက် အမေရိကန် ၈၈၉၆၄၉ ဒေါ်လာအား ဗဟိုအစိုးရရန်ပုံငွေဖြင့် ငွေကြေးထောက်ပံ့ထားသည်။ ကုလသမဂ္ဂကျင့်ဝတ်နှင့် ကိုက်ညီသည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ပုံနှိပ်ထုတ်ဝေမှုများတွင် ပါဝင်သည့် ရာထူးအဆင့်များ၊ ဖော်ပြထားသည့် အကြောင်းအရာများသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် စပ်လျဉ်းသည့် နိုင်ငံတစ်နိုင်ငံ၊၎င်း၏အချုပ်အခြာအာဏာပိုင် သို့မဟုတ် ၎င်း၏ နယ်ခြားသတ်မှတ်ချက်များနှင့် ပတ်သတ်သည့် မည်သည့်အယူအဆ၊ အကြောင်းအရာများအပေါ် သွယ်ဝိုက်ဖော်ပြထားချက်များ ပါဝင်ခြင်းမရှိပါ။ သက်ဆိုင်ရာဆောင်းပါး၊ စာတမ်း၊ အခြားထုတ်ဝေသည့် စာရွက်စာတမ်းပါ အယူအဆ၊ အကြောင်းအရာများနှင့် စပ်လျဉ်းသည့် တာဝန်ရှိမှုများသည် သက်ဆိုင်ရာစာရေးသူတို့၏ တာဝန်သာဖြစ်ပြီး ယခုစာအုပ်ငယ်ပါ အကြောင်းအရာများနှင့် စပ်လျဉ်း၍လည်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အနေဖြင့် အတည်ပြုချက်တစ်စုံတစ်ရာ ပေးအပ်ခြင်းမပြုပါ။

ရည်ညွှန်းထားသည့် သက်ဆိုင်ရာကုမ္ပဏီအမည်များ၊ စီးပွားရေး ထုတ်ကုန်များ၊ ပြုလုပ်မှု လုပ်ငန်းစဉ်များအပေါ် အပြည်ပြည်ဆိုင်ရာ အလုပ်သမား ရေးရာအဖွဲ့ အနေဖြင့် အတည်ပြုချက်တစ်စုံတစ်ရာ ပေးအပ်ခြင်းမပြုပါ။ သီးသန့်ကုမ္ပဏီတစ်ခု၊ စီးပွားရေး ထုတ်ကုန် သို့မဟုတ် ပြုလုပ်မှုလုပ်ငန်းစဉ်များ အပေါ် ဖော်ပြထားခြင်းမပြုသည်မှာ သဘောတူညီမှု မရှိသည်ကိုပြသထားခြင်းပင် ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့မှ ထုတ်ဝေသည့်စာစောင်၊ စာအုပ်များအား စာအုပ်ဆိုင်ကြီးများ သို့မဟုတ် သက်ဆိုင်ရာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံးများမှဖြစ်စေ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံး၊ CH-၁၂၁၁ ၊ဂျီနီဗာ ၂၂၊ ဆွတ်ဇာလန် သို့ တိုက်ရိုက်ဖြစ်စေမှာယူ ရရှိနိုင်ပါသည်။ အသစ်ထုတ်ဝေသည့် စာစောင်၊ စာအုပ်များစာရင်း သို့မဟုတ် ကတ်တလောက်စာရင်းအား အထက်ပါလိပ်စာများတွင် အခမဲ့ရယူနိုင်ပါသည် သို့မဟုတ် ilo@turpin-distribution.com သို့အီးမေးလ်ပေးပို့၍ ဖြစ်စေအပြည်ပြည်ဆိုင်ရာ အလုပ်သမား ရေးရာအဖွဲ့ အင်တာနက်စာမျက်နှာ www.ilo.org/publns.သို့ ilopubs@ilo.org ဝင်ရောက်၍ ဖြစ်စေရယူနိုင်ပါသည်။

| www.ilo.org/childlabour website သို့ဝင်ရောက်နိုင်ပါသည်။ |
| --- |

မြန်မာနိုင်ငံတွင် ထုတ်ဝေသည်။ စွယ်တော်ပုံနှိပ်တိုက်မှ ပုံနှိပ်သည်။

# မာတိကာ


နိဒါန်း ........ ၁

ဆောက်လုပ်ရေးလုပ်ငန်းများ ........ ၄

စာအုပ်စာတမ်းများအပေါ် ခြုံငုံသုံးသပ်ချက် ........ ၆

ဤစာအုပ်အား အသုံးပြုရန် အဆင့်များ ........ ၈

အလုပ်ရှင်များအနေဖြင့်ထည့်သွင်းစဉ်းစားသင့်သည့်နောက်ထပ် လုပ်ဆောင်ချက်များ ........ ၁၀

ထပ်ဆောင်း သတင်းအချက်အလက်များ ........ ၁၃

နောက်ဆက်တွဲများ ........ ၁၄

# နိဒါန်း

ယခု စာအုပ်အား မြန်မာနိုင်ငံရှိ ဆောက်လုပ်ရေး လုပ်ငန်းရှင်များ၊ အလုပ်ရှင် အဖွဲ့အစည်းများအတွက် ရည်ရွယ် ပြုစုထားခြင်း ဖြစ်ပါသည်။

**"လူငယ်အလုပ်သမားများအား ဘေးကင်းအောင်ထားပါ"**သည် ဆောက်လုပ်ရေးမန်နေဂျာ၊ ကြီးကြပ်ရေးမှူးနှင့် လုပ်ငန်းပိုင်ရှင်တို့အတွက် လက်ကမ်းစာစောင်ဖြစ်ပါသည်။

**"ဘေးကင်းအောင် နေထိုင်ပါ"** သည် လူငယ် ဆောက်လုပ်ရေးအလုပ်သမားများ လုပ်ကိုင်ရဖွယ်ရှိသည့် အလုပ်အမျိုးအစားအလိုက် အချက်အလက်များဖော်ပြထားသည့် စာရွက်ဖြစ်ပါသည်။

**"လမ်းညွှန်ချက်မှတ်စု"** သည် မြန်မာနိုင်ငံတွင် ဤစာအုပ်အား မည်သို့ အသုံးပြုရမည်ကို အကြံပြုဖော်ပြထားပါသည်။

# ရည်ရွယ်ချက်

ဤ Safe Work for Youth Kit ၏ရည်ရွယ်ချက်သည် မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းများ၌ ကလေးအလုပ်သမားများ မရှိစေရေးအပေါ် အထောက်အကူပြုရန်၊ ဆောက်လုပ်ရေး လုပ်ငန်းခွင်များရှိ လူငယ်အလုပ်သမားများအနေဖြင့် ခေါင်းပုံဖြတ်ခြင်းခံရနိုင်သည့်၊ အန္တရာယ်ရှိသည့် အလုပ်များအား လုပ်ကိုင်ရခြင်းမှလွတ်ကင်းပြီး ဘေးအန္တရာယ်ကင်းရှင်းစေရန် ဖြစ်ပါသည်။

## သတိရမှတ်သားထားပါ. . .

အကယ်၍ အလုပ်လုပ်နေသည့် ကလေးငယ်များသည် တရားဝင်အလုပ်လုပ်ခွင့်ရှိသည့် အသက် (၁၄) အောက် ဖြစ်ပါက . . . သူတို့သည် ကလေးအလုပ်သမားဖြစ်ကြသည်။

အကယ်၍ အသက် (၁၈)နှစ်အောက် လူငယ်များသည် အလုပ်ခွင်၌ ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အန္တရာယ်ကျရောက်နိုင်သော အခြေအနေများနှင့် အများအပြားထိတွေ့နေရပါက . . . သူတို့သည် ကလေးအလုပ်သမားဖြစ်ကြသည်။

လူငယ်အလုပ်သမားသည် ထိလွယ်ရှလွယ်သော အလုပ်သမားများဖြစ်ကြပြီး လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိနိုင်ခြေလည်း မြင့်မားပါသည် . . . လူငယ်အလုပ်သမားများအား ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အထူးအကာအကွယ်ပေးရန် လိုအပ်ပါသည်။

# အဓိကစည်းမျဉ်းများ

(၁) လုပ်ငန်းခွင်အားလုံးတွင် အန္တရာယ်များရှိကြပါသည်။ အလုပ်၏ ပင်ကိုယ်အခြေအနေ သို့မဟုတ် လုပ်ငန်းခွင်ပတ်ဝန်းကျင် အခြေအနေများကြောင့် အန္တရာယ်များရှိကြခြင်း ဖြစ်ပါသည်။ ညံ့ဖျင်းသော လုပ်ငန်းခွင်ပတ်ဝန်းကျင် အခြေအနေများသည် ဘေးအကင်းဆုံး အလုပ် တာဝန်များကိုပင် အန္တရာယ် ကျရောက်စေအောင် ပြုလုပ်နိုင်ပါသည်။

(၂) အဆိုပါ အန္တရာယ်များကို ကြိုတင်ရှာဖွေဖော်ထုတ်ခြင်းဖြင့် ၄င်းတို့အား ထိထိရောက်ရောက် လျှော့နည်း သွားအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ လက်ခံနိုင်သော ပမာဏအခြေအနေထိ အန္တရာယ်ကျ ရောက်နိုင်မှုအခြေအနေကို လျှော့ချခြင်းသည် သက်ဆိုင်ရာ အလုပ်ရှင်၏ တာဝန်ဖြစ်ပါသည်။

(၃) လူငယ်အလုပ်သမားများတွင် အထူးထိလွယ်ရှလွယ်မှုများ ရှိပါသည်။ ၄င်းတို့၏ ကျန်းမာရေး၊ ဘေး အန္တရာယ်ကင်းရှင်းရေးအား အကာအကွယ်ပေးရန် သူတို့တွင် အထူးအခွင့်ရေးများ ရပိုင်ခွင့်ရှိပါသည်။

(၄) လူငယ်အလုပ်သမားများအား အန္တရာယ်များကို မည်သို့ သိရှိရှာဖွေဖော်ထုတ်ရမည်၊ သူတို့ကိုယ်တိုင် မည်သို့ ကာကွယ်ရမည်စသည်တို့ကို ညွှန်ကြားပြသပေးရန် လိုအပ်ပါသည်။

Safe Work for Youth Kit တွင်ရှိသော အခြေခံစည်းမျဉ်းတစ်ခုမှာ လူငယ်များအတွက် ဘေးအန္တရာယ်ကင်းရှင်းသည့်အလုပ် (Safe Wrok for Youth)စာအုပ်ငယ်တွင် အဓိကထား ဖော်ပြထားသည့် အခြေခံစည်းမျဉ်းများထဲမှ တစ်ချက်သည် လုပ်ငန်းရှင် တစ်ယောက်အနေဖြင့် လူငယ်အလုပ်သမားများအပါအဝင် ၄င်း၏ အလုပ်သမားများ၏ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်း ရေးနှင့် ကျန်းမာရေး(စိတ်ပိုင်းဆိုင်ရာ ညင်းပန်းနှိပ်စက်မှုအား ကာကွယ်ပေးခြင်း အပါအဝင်) အတွက် ဥပဒေအရ တာဝန်ရှိခြင်းပင် ဖြစ်ပါသည်။ လေ့ကျင့်သင်ကြားပေးခြင်းသည် လူငယ်အလုပ်သမားများ ဘေးကင်းအောင် ဆောင်ရွက်ရာတွင် ပထမဦးဆုံးအဆင့် ဖြစ်သော်လည်း မကြာခဏ ဖြစ်တတ်လွန်းသည်မှာ လူငယ်ပညာသင်များ၊ သင်တန်းသားများနှင့် အချိန်ပိုင်း လုပ်သမားများအား သတိမပြုမိခြင်း၊ လွဲမှားစွာ လေ့ကျင့်သင်ကြား ပေးမိခြင်းတို့ပင်ဖြစ်ပါသည်။ လေ့ကျင့်သင်ကြားခြင်းသည် တစ်ကြိမ်တစ်ခါတည်း လုပ်ရမည့်ကိစ္စမဟုတ်ပါ။ လုပ်ငန်းခွင် မန်နေဂျာ သို့မဟုတ် ပိုင်ရှင်သည် လူငယ်အလုပ်သမားများအနေဖြင့် သက်ကြီး အလုပ်သား များနှင့် အတွေ့အကြုံရှိ အလုပ်ကြပ်များထံမှ သူတို့တစ်နေ့တာ လုပ်ကိုင်နေစဉ်အတွင်း အလုပ်နှင့်ပတ်သက်သည့် မေးခွန်းများအား စိတ်အေးချမ်းသာစွာ မေးမြန်းနိုင်ရန် ကြိုးစားလုပ်ဆောင်ထားပေးသင့်ပါသည်။ လူငယ်အလုပ်သမားများအနေဖြင့် တရားဝင် ပြုလုပ်သည့် သင်တန်းများအား တက်ရောက်ခွင့် မရရှိခဲ့သော်လည်း လုပ်ငန်းခွင်သင်တန်းနှင့် နည်းလမ်း ပြသပေးခြင်းမျိုးတို့သည် ၄င်းတို့အား အလုပ်ခွင်၌ ဘေးကင်းစေရန် အထောက်အကူ ဖြစ်စေပါသည်။

အခြားအရေးကြီးသည့် သတင်းစကားတစ်ရပ်မှာ ၄င်း၏ လူငယ်အလုပ်သမားများအား အကာအကွယ်ပေးရန် ဂရုစိုက်သော လုပ်ငန်းတစ်ခုသည် ပိုမိုအကျိုးဖြစ်ထွန်းပြီး ထုတ်လုပ်မှု စွမ်းအားမြင့်မား လာမည့် လုပ်ငန်းတစ်ခုဖြစ်ရန် အလားအလာရှိနေခြင်းပင် ဖြစ်သည်။ ၄င်းသည် ငွေကုန်ကြေးကျမှုအားလည်း သက်သာစေပါသည်။ အရေးကြီးဆုံးအချက်မှာ လူငယ်အလုပ်သမားများ အတွက် ဘေးကင်းစေရန် အာရုံစိုက် ဆောင်ရွက်ထားသော လုပ်ငန်းခွင်တစ်ခုသည် လူကြီး အလုပ်သမားများအတွက်ပါ ဘေး ကင်းသည့် လုပ်ငန်းခွင်ဖြစ်လာခြင်းပင် ဖြစ်ပါသည်။ အလုပ်သမားထုအကြား မတော်တဆ ထိခိုက်မှုများ လျော့နည်းလာခြင်းသည် နှစ်ဦးနှစ်ဖက်လုံး ကောင်းသည့်အခြေအနေ (Win – Win Situation) ဖြစ်ပါသည်။

တတိယမြောက်အခြေခံစည်းမျဉ်းမှာ လူငယ်များတွင် အန္တရာယ်ကျရောက်နိုင်မှု အခြေအနေများသာမက သူတို့၏ ရပိုင်ခွင့်နှင့် တာဝန်များကိုပါ သိခွင့်ရှိသည့် အချက်ပင် ဖြစ်ပါသည်(အသုံးခု)။ လူငယ်များအား သတင်းအချက် အလက်ပံ့ပိုးပေးခြင်းသည် လူငယ်အလုပ်သမားများ ကာကွယ်ရေး လှုပ်ရှားမှုတစ်ခု၏ ပထမ သို့မဟုတ် တစ်ခုတည်းသော အစိတ်အပိုင်းအဖြစ် မည်သည့် အခါမျှ မဖြစ်သင့်ပါ။ ၄င်းသည် မရှိမဖြစ် အစိတ်အပိုင်းတစ်ခုသာ ဖြစ်သင့်ပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကောက်ယူသည့် လေ့လာချက် စမ်းတမ်းများအရ လူငယ်အလုပ်သမားများသည် အလုပ်ခွင်၌ ၄င်းတို့ ဘေးကင်းစွာလုပ်ကိုင်နိုင်ရန် လိုအပ်သည့်

သင်တန်းများ တက်ရောက်ခွင့် မရရှိကြောင်း တွေ့ရှိရပါသည်။ သူတို့အနေဖြင့် အဆိုပါ သတင်းအချက်အလက်များအား စာသင်ကျောင်းများ၊ သက်မွေးပညာသင်ကြားရေး အစီအစဉ်များနှင့် အလုပ်မှ ရရှိသင့်ပါသည်။

လူငယ်အလုပ်သမားများသည် ၄င်းတို့၏ အလုပ်သမား ဘဝအစတွင် အရေးကြီးသည့် ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များအား လေ့လာသင်ယူခွင့်ရရှိခဲ့ခြင်းသည် လုပ်ငန်းခွင်ဘေးအန္တရယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတွင် ချဉ်းကပ်ဆောင်ရွက်မှု နည်းလမ်းအသစ် တစ်ခုဖြစ်သည့် "ကြိုတင်ကာကွယ်ခြင်း အလေ့အထတစ်ရပ်" အပေါ် လူငယ်အလုပ် သမားများအနေဖြင့် ပူးပေါင်းပါဝင်လာမှုအား အထောက်အကူ ဖြစ်စေပါသည်။ သတင်းအချက်အလက် ကောင်းစွာရရှိထားသည့် အလုပ်သမားများသည် ဘေးကင်း၍ ထုတ်လုပ်နိုင်စွမ်းရှိသော လုပ်ငန်းခွင်များဖြစ်စေရေး ပိုင်ရှင်နှင့် လုပ်ငန်းပိုင်ရှင်တို့က လုပ်ဆောင်ရာတွင် ပိုမိုအထောက်အကူပေးနိုင်ကြပါသည်။

# ဆောက်လုပ်ရေးလုပ်ငန်းများ

ကမ္ဘာတစ်ဝှမ်းတွင် ဆောက်လုပ်ရေး လုပ်ငန်းများသည် အလုပ်လုပ်ကိုင်ရန် အန္တရာယ်ပိုများသည့် နေရာများအဖြစ် အမည်ဂုဏ် သတင်းရှိကြပါသည်။ ထို့သို့ဖြစ်ရခြင်းမှာ အောက်ပါအကြောင်း အခြင်းအရာများကြောင့် ဖြစ်ပါသည်-

- ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် ဖြတ်တောက်၊ ကြိတ်ခွဲ၊ ရောမွှေ သို့မဟုတ် ရွှေ့ပြောင်းပေးသည့် ကြီးမားသည့် စက်များနှင့် ကိရိယာတန်ဆာပလာများကို အသုံးပြုကြခြင်း၊
- တည်ဆောက်ဆဲ နေရာများမှာ တည်ငြိမ်မှုမရှိသေးခြင်း၊ ပြူတင်းပေါက်၊ လှေကားနှင့် အောက်ခံခုံများ၏ ပွင့်နေသောအပိုင်းများအတွက် တည်ဆောက်ထားသည့် အရံအတားများသည် တောင့်တင်းခိုင်မာမှု မရှိသေးခြင်း၊ သို့မဟုတ် အရံအတားများအား တပ်ဆင်ထားနိုင်မှုမရှိသေးခြင်း၊ အချို့နိုင်ငံများတွင် အလုပ်သမားသေဆုံးမှု၏ ၅၀မှ ၇၀ ရာခိုင်နှုန်းသည် အမိုး သို့မဟုတ် ငြမ်းပေါ်မှ ပြုတ်ကျခြင်းကြောင့် ဖြစ်ပါသည်။
- ဆောက်လုပ်ရေးလုပ်ငန်းခွင်များသည် ယာယီများသာ ဖြစ်ကြသောကြောင့် သင်မျှော်လင့်ထားသည့် ပုံမှန်မူဝါဒ၊ လုပ်ငန်းစဉ်နှင့် ကာကွယ်ရေး လုပ်ငန်းများအားချမှတ် ဆောင်ရွက် ထားနိုင်မှုမရှိခြင်း၊
- ဆောက်လုပ်ရေး လုပ်ငန်းခွင်များ၌ မကြာခဏများစွာသော အမှုန်အမွှားများထွက်ပေါ်တတ်ပြီး ၎င်းထဲမှ အချို့သော အမှုန်များတွင် မီးခံကျောက်ဂွမ်း ၊ ဆီလီကာနှင့် အခြားအန္တရာယ်ရှိသော သတ္တု သို့မဟုတ် ညစ်ညမ်းသော အရာများပါဝင်နိုင်ခြင်း၊ ဆောက်လုပ်ရေး လုပ်ငန်းခွင်များသည် ဆူညံသံနှင့် တုန်ခါမှုများကြောင့် မကောင်း သတင်းဖြင့် ကျော်ကြားခြင်း၊
- ဖွံ့ဖြိုးပြီးနိုင်ငံများရှိ ဆောက်လုပ်ရေး လုပ်ငန်းခွင်များတွင် အဓိကအများဆုံး သေဆုံးသူများမှာ ရွှေ့ပြောင်း နိုင်ငံခြားသားများ သို့မဟုတ် လူနည်းစု တိုင်းရင်းသား အလုပ်သမားများဖြစ်ကြပြီး ၎င်းတို့ထဲမှ အချို့သည် ၎င်းတို့ နေထိုင်ရာ နိုင်ငံ၏ ဘာသာစကားဖြင့် ရေးသားထားသည့် ဘေးအန္တရာယ်ကင်းရှင်းရေး သတိပေးချက်များကို မဖတ်တတ်ခြင်း သို့မဟုတ် ညွှန်ကြားချက်များကိုလည်း နားမလည်နိုင်ခြင်း၊
- နိုင်ငံအများစုတွင် ဆောက်လုပ်ရေး လုပ်ငန်းများအပေါ် ဥပဒေပြဌာန်း စည်းကြပ်မှုညံ့ဖျင်းခြင်း၊ ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ဖောက်ဖျက်ကျူးလွန်မှုများအတွက် တရားစွဲဆိုခံရခြင်းများရှိသော်လည်း ဆောက်လုပ်ရေး ကုမ္ပဏီများသည် သူတို့၏အလေ့အကျင့်များကို ပြုပြင်ပြောင်းလဲလေ့မရှိခြင်း၊ ပြစ်ဒဏ်ကျခံရပါကလည်း အလွန် နည်းပါးသည့် ငွေဒဏ်သာချမှတ်ခံရတတ်ခြင်း၊
- ဆောက်လုပ်ရေး လုပ်သားအများစုသည် သမဂ္ဂဝင်များမဟုတ်ခြင်း၊ ဆိုလိုသည်မှာ ၎င်းတို့၏ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်ပတ်သက်၍ ကိုယ်စားပြုပြောဆိုပေးမည့် ကိုယ်စားလှယ်များ မရှိခြင်း။
- ဆောက်လုပ်ရေးလုပ်ငန်းခွင် အလုပ်ကြပ်များသည် သင်တန်းမဖြစ်စလောက်ပေးရန် သို့မဟုတ် သင်တန်းပေးရန် မလိုသည့် နေ့စားအလုပ်သမားများကိုသာ ငှားရမ်းတတ်ခြင်း၊

အခြေခံ အဆောက်အဦနှင့် ဆောက်လုပ်ရေးစီမံကိန်းများသည် လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက် လာခဲ့သော်လည်း ကန်ထရိုက်တာနှင့် လုပ်ငန်းခွင်မန်နေဂျာများသည် ကုန်ကျစရိတ်သက်သာစေမည့် ဖြတ်လမ်းနည်းဖြင့် ဆောင် ရွက်ရန် ဖိအားပေးခံရမှုကို ဖြစ်ပေါ်စေသည့် ယှဉ်ပြိုင်မှု ပမာဏလည်း မြင့်မားနေပါသည်။[၁] ဤအချက်အရ အခြားအလုပ်များထက် စုံစမ်းကြည့်ရှုခံရမှု နည်း သည်ဟု အဓိပ္ပာယ်ရပါသည်။ဆောက်လုပ်ရေးလုပ်ငန်းခွင်အများစုသည် အလုပ်သမားတစ်ဦး ထိခိုက် ဒဏ်ရာရရှိမှု သို့မဟုတ် သေဆုံးမှု မဖြစ်မခြင်း မည်သည့်အခါကမျှ စစ်ဆေးခြင်းမခံရတတ်ပါ။[၂]

၁ Ladbury ၊ Cotton နှင့် Jennings တို့ရေးသားသည့် အလုပ်သမားရေးရာ စံချိန်စံနှုန်းများအား ဆောက်လုပ်ရေး လုပ်ငန်းခွင်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ၂၀၀၃ခုနှစ်တွင် Loughborough University ကထုတ်ဝေသည့် A Sourcebook အား Blagborough က - အခြေခံအဆောက်အဦနှင့် ဆောက်လုပ်ရေး စီမံကိန်းများ- ကလေးများအတွက် မမြင်ရသည့် ကုန်ကျစရိတ် - ၂၀၁၁ခုနှစ် SCF အစည်းဝေးတွက် နောက်ခံ စာတမ်းအဖြစ်ကိုးကား၊

၂ NYCOSH ၊မေလ ၁၁၊ ၂၀၁၅ခုနှစ်၊ မေလ (၁၁)ရက်နေ့တွင် NYCOSH ကထုတ်ဝေသားသည့် အသက်များ၏ တန်ဖိုး၊ နယူးယောက်တွင် ဆောက်လုပ်ရေးလုပ်ငန်း ခွင်အတွင်း သေဆုံးမှုများဆိုင်ရာ အစီရင်ခံစာပါ အလုပ်သမားရေးရာ ဆောင်ရွက်နေသူများက အံ့ဩထိတ်လန့်ဖွယ်တွေ့ရှိချက်များကို ထုတ်ဖော်၊

စိတ်ထဲတွင်မှတ်ထားသင့်သည့် အခြားစဉ်းစားစရာ အချက်တစ်ခုမှာ အန္တရာယ်သည် ဆောက်လုပ်ရေးလုပ်ငန်းခွင် ဂိတ်တံခါးပေါက်အဝတွင် ရပ်တန့်မနေပါ။ ဆောက်လုပ်ရေးလုပ်ငန်းသည် အသက်မပြည့်သေးသည့် ကလေးငယ်များအား ကျောင်းထွက်ပြီးလာရောက် လုပ်ကိုင်ရန် သွေးဆောင် ဖြားယောင်းနိုင်သည့် သံလိုက်ကဲ့သို့သော အစွမ်းသတ္တိရှိပါသည်။ နာရီပေါင်းများစွာကြာပြီးနောက် အရက်သောက်ခြင်း၊ လုပ်ငန်းခွင်ပြင်ပ လိင်ပိုင်းဆိုင်ရာ အနိုင်ထက် ပြုကျင့်မှုများ ကဲ့သို့သော လူကြီးတစ်ဦး၏ အပြုအမူများနှင့် လူငယ် အလုပ်သမားများ ထိတွေ့သွားနိုင်ပါသည်။

ဆောက်လုပ်ရေး လုပ်ငန်းခွင်အန္တရာယ်များအား အလုပ်၏ တည်နေရာက ဆုံးဖြတ်သတ်မှတ်ပေးပါသည်။ ဆောက်လုပ်ရေး လုပ်ငန်းခွင်အများစုသည် အမိုးအကာမရှိ ဟင်းလင်းဖြစ်နေကာ လူငယ် အလုပ်သားများ အားနေရောင် (သို့မဟုတ် တနည်းအားဖြင့် အေးသော သို့မဟုတ် မကောင်းသည့်ရာသီဥတု) နှင့် ထိတွေ့စေပါသည်။ မြစ်ကမ်းနားရှိ လုပ်ငန်းခွင်ကဲ့သို့သော စိုစွတ်သော ဆောက်လုပ်ရေး လုပ်ငန်း ခွင် များတွင် ရေနစ်နိုင်သည့် အန္တရာယ် သို့မဟုတ် ရေမှတဆင့် ကူးစက်သော ရောဂါများ ခံစားရနိုင်သည့် အန္တရာယ်ရှိပါသည်။

နောက်ဆုံးအနေဖြင့် ဆောက်လုပ်ရေး လုပ်ငန်းများသည် အခြားနေရာတွင် ပြုလုပ်ထားသည့် ပစ္စည်းများကို ဆောက်လုပ်ရေး လုပ်ငန်းခွင်အတွင်းသို့ သယ်ယူရန် လိုအပ်ပါသည်။ အခြေခံအဆောက်အဦ တည်ဆောက်ရေး စီမံကိန်းများအတွက် ကလေးသူငယ်များနှင့် လူငယ်များသည် ကျောက်တုံးကြီးများအား ကျောက်စရစ်ခဲများ ဖြစ်အောင်ခွဲခြင်း သို့မဟုတ် အုတ်ခဲများ ပြုလုပ်ခြင်းတို့ကို လုပ်ဆောင်ပေးနေရသည့် အချက်ကို အလွယ်တကူ လျစ်လျူရှုတတ်ကြပါသည်။ သို့ရာတွင် ယခုအခါ ကမ္ဘာတစ်ဝှမ်းတွင် ပေါ်ထွက်လာနေပြီဖြစ်သည့် စီးပွားရေးဆိုင်ရာ ကျင့်ဝတ် ၊ ကျင့်ထုံးများကြောင့် အလုပ်ပေးသည့် ကုမ္ပဏီများသည် ၎င်း၏တဆင့်ခံ ကန်ထရိုက်တာများ လုပ်ကိုင်ရမည့် အလုပ်နှင့် လုပ်ငန်းခွင် အခြေအနေများ အား ထည့်သွင်းစဉ်းစားပေးရမည့်အပြင် အဆိုပါ အလုပ်သမားများ၏ သက်သာချောင်ချိရေးသာမက လုပ်ငန်းခွင်အတွင်းရှိနေသူများအတွက်လည်း တာဝန်ယူ၊ တာဝန်ခံရမည်ဖြစ်ပါသည်။

# စာအုပ်စာတမ်းများအပေါ် ခြုံငုံသုံးသပ်ချက်

## "လူငယ်အလုပ်သမားများကို ဘေးအန္တရာယ်ကင်းရှင်းပါစေ"(ဆောက်လုပ်ရေးလုပ်ငန်းရှင်များအတွက်)

လူငယ် အလုပ်သမားများကို ဘေးအန္တရာယ်ကင်းရှင်းပါစေသည် ဆောက်လုပ်ရေးကုမ္ပဏီများ၏ လုပ်ငန်း ပိုင်ရှင်များ၊ ကြီးကြပ်ရေးမှူးများနှင့် လုပ်ငန်းခွင်မန်နေဂျာများအတွက်ဖြစ်ပေါ်သည်။ ၎င်းတွင် အောက်ပါအတိုင်းပါဝင်ပါသည်-

### အထွေထွေလမ်းညွှန်ချက်များ

ဤအပိုင်းတွင် မြန်မာနိုင်ငံတွင် တရားဝင် အလုပ်ခွင့်ရှိသည့် အသက် အသက် (၁၄) နှစ်အထက် ရှိသော်လည်း အသက် (၁၈) နှစ်မပြည့်သေးသည့် လူငယ် အလုပ်သမားများနှင့်သက်ဆိုင်သော အခြေခံစည်းမျဉ်းနှင့် စည်းကမ်းများပါဝင်ပါသည်။

### သီးသန့်အကြံပြု တိုက်တွန်းချက်များ

ဤအပိုင်းတွင် လူငယ်အလုပ်သမားများအတွက် မကြာခဏ ပြဿနာများဖြစ်ပေါ်လေ့ရှိသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ အသေးစိတ် ရှုမြင်သုံးသပ်ထားပြီး ၎င်းတို့နှင့် ပတ်သက်၍ မည်သို့ ဆောင်ရွက်သင့်ကြောင်း လက်တွေ့အကြံပြုချက်များအား ဖော်ပြပေးထားပါသည်။ အကြောင်းအရာ ခေါင်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်
- အချိန်နှင့် နာရီများ
- နှောင့်ယှက်ခြင်းနှင့် ခိုက်ရန်ဖြစ်ပွားခြင်း
- စိတ်ဖိစီးမှု
- ပစ္စည်းများ ကိုင်တွယ်ခြင်း
- ပစ္စည်းကိရိယာနှင့် တန်ဆာပလာများ
- အန္တရာယ်ရှိသော အရာဝတ္ထုများ
- အလင်းရောင်၊ ဆူညံသံနှင့် အပူချိန်
- အလုပ်သမားများအတွက် သက်တောင့်သက်သာဖြစ်စေသည့် အသုံးဆောင်ပစ္စည်းများ

### အထောက်အကူပြုမည့် အရင်းအမြစ်များ

ဤအပိုင်းတွင် သတင်းအချက်များ ထပ်မံရယူလိုပါက အလုပ်ရှင် သို့မဟုတ် လုပ်ငန်းခွင်မန်နေဂျာအနေဖြင့် အကူအညီရယူနိုင်မည့် အကြောင်းအရာများကို စာရင်းများ ပြုစုထားပါသည်။

### စစ်ဆေးချက်ပုံစံ

ဆောက်လုပ်ရေး လုပ်ငန်းခွင်အတွင်း လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာ စစ်ဆေးခြင်းများ ဆောင်ရွက်သည့်အခါ ပုံမှန်အသုံးပြုနိုင်အောင် ဤဆွဲထုတ်နိုင်သည့် စာရွက်အား ရည်ရွယ်ပြုလုပ်ထားခြင်းဖြစ်ပါသည်။

### အန္တရာယ် သတိပေး စတစ်ကာများ

အန္တရာယ်ရှိခြင်းကြောင့် လူငယ်အလုပ်သမားများအား အလုပ်လုပ်ကိုင်ရန် ကန့်သတ်ထားသင့်သည့် လုပ်ငန်းခွင်အတွင်းမှ နေရာများ သို့မဟုတ် စက်ကိရိယာများပေါ် သို့မဟုတ် ဓာတုပစ္စည်းပေါ်တွင် လုပ်ငန်းပိုင်ရှင်အနေဖြင့် ကတ်ထားနိုင်သည့် ကော်ပါသည့် စာရွက်ဖြစ်ပါသည်။ ဤနည်းသည် ပေါ့ပေါ့ပါးပါးဖြင့် သတိပေးသည့် နည်းလမ်းဖြစ်ပါသည်။ အလုပ်နှင့် ပတ်သက်ပြီး

စိမ်းနေသေးသည့် လူငယ်အလုပ်သမားနှင့်အတူ လုပ်ကြည့်ရန် ကောင်းသည့် ဆောင်ရွက်ချက်တစ်ခုမှာ လူငယ်အလုပ်သမားသည် သူ/သူမ၏ တိုက်ရိုက်ကြီးကြပ်ရေးမှူးတို့နှင့်အတူ လုပ်ငန်းခွင်အတွင်းလှည့်ပတ်ကြည့်ရှုရင်း လုပ်ငန်းခွင်အတွင်း ဖြစ်လာနိုင်ဖွယ် ရှိသည့် အန္တရာယ်များကို ညွှန်ပြကာ စတစ်ကာများ ကပ်သွားခြင်းပင် ဖြစ်ပါသည်။

# ဘေးကင်းအောင်နေထိုင်ပါ (ဆောက်လုပ်ရေးလုပ်ငန်းအတွင်း လုပ်ကိုင်နေသောလူငယ်များအတွက်)

"ဘေးကင်းအောင်နေထိုင်ပါ" သည်ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း အလုပ်လုပ်ကိုင်နေသော လူငယ်များအတွက် ရည်ရွယ်ထားပါသည်။ ၎င်းတွင် အောက်ပါအချက်များပါဝင်ပါသည်-

## "ဘေးကင်းအောင် နေထိုင်ရေး နည်းလမ်း(၅)ရပ်" လက်ကမ်းစာဆောင်

နည်းလမ်း(၅) ရပ်သည် လူငယ်များအတွက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး အပေါ် ယေဘူယျ ရှင်းလင်း တင်ပြချက် ဖြစ်ပါသည်။ ၎င်းအား လုပ်ငန်းအမျိုးအစားအလိုက် အချက်အလက်စာရွက်နှင့်အတူ ယှဉ်တွဲအသုံးပြုရန် ရည်ရွယ်ပါသည်။ ၎င်း၏ အဓိကအကြောင်းအရာမှာ လူငယ်အလုပ်သမားများ၏ အခွင့်အရေး ဖြစ်ခြင်းကြောင့် ယဉ်ကျေးမှုပိုင်းဆိုင်ရာ သင့်တော် ကိုက်ညီမှုဖြစ်စေရန် ပါဝင်သည့် အကြောင်းအရာ၊ ရေးသားသုံးနှုန်းထားသည်များကို ပြန်လည်လေ့လာသုံးသပ်ကြည့်ရန် လွန်စွာ အရေးကြီး ပါသည်။ ဤစာအုပ်ငယ်အား ဖြန့်ဝေနေသူများသည် အောက်ပါကိစ္စရပ်များကို ထည့်သွင်း စဉ်းစားသင့်ပါသည်-

- ဖြစ်ပေါ်လာ နိုင်ဖွယ်ရှိသည့် အန္တရာယ်ရှိသော အလုပ် သို့မဟုတ် ဓာတုပစ္စည်းများနှင့် ပတ်သက်၍ မြန်မာလူငယ်အလုပ်သမားများအနေဖြင့် မေးခွန်းများမေးမြန်းလာစေရန် မည်သည့် နည်းလမ်းက အကောင်းဆုံးဖြစ်မည်နည်း။။
- သူတို့၏ အလုပ်အား လုပ်ဆောင်နိုင်ရန် လေ့ကျင့်သင်ကြားခြင်း သို့မဟုတ် ရှင်းလင်းပြသခြင်းများ လုပ်ပေးရန် လူငယ်အလုပ်သမားများ အနေဖြင့် မည်သူ့အား တောင်းဆို သင့်သလဲ။
- ရန်ပြုတိုက်ခိုက်ခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်စော်ကားခြင်းများကဲ့သို့သော သိမ်မွေ့သည့် ကိစ္စရပ်များနှင့် ရင်ဆိုင်တွေ့ကြုံ ဖြေရှင်းရသည့်အခါ လူငယ်အလုပ်သမားများအား မည်သူက အကောင်းဆုံး ထောက်ပံ့ပေးမည်လဲ။

## "အချက်အလက် စာရွက်များ"

အချက်အလက် စာရွက်သည် စာမျက်နှာ (၂) မျက်နှာပါ လက်ကမ်းစာစောင်များဖြစ်ကြပြီး ထုတ်လုပ်ရန် ဈေးသက်သာ၍ အလွယ်တကူဖြန့်ဝေနိုင်ကာ လျင်မြန်စွာလည်း ဖတ်ရှုနိုင်ပါသည်။ အချက်အလက် စာရွက်တွင် အောက်ပါအချက်များပါဝင်ပါသည်-

- ၎င်းတို့အား အဆိုပါ အလုပ်မျိုးအတွက် လုပ်ကိုင်ရန် ငှားရမ်းသည့်အခါ လူငယ်အလုပ်သမားများ လုပ်ကိုင်ရမည့် လုပ်ငန်းတာဝန် အချို့၊
- လုပ်ငန်းအတွင်း လူငယ်အလုပ်သမားများနှင့် ပတ်သက်သက်ဆိုင်သည့် အဖြစ်အများဆုံး အန္တရာယ် ၄ ခု၊
- ကလေးအလုပ်သမားနှင့် သင့်တော်သည့် လူငယ်အလုပ်အကိုင်အကြား ကွဲပြားမှုကို ညွှန်ပြသော လူငယ်အလုပ်သမားများအား အကာအကွယ်ပေးသည့် မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ ဥပဒေများ၊
- အလုပ်လုပ်ကိုင်ရန် ဘေးကင်းသော နေရာတစ်ခုအား ဖော်ဆောင်ပေးရမည့် အလုပ်ရှင်၏တာဝန်များ၊
- လုပ်ငန်းခွင် ဘေးအန္တရာယ် ထိခိုက်မှုဆိုင်ရာ ဖြစ်ရပ်မှန်များ။

# ဤစာအုပ်အား အသုံးပြုရန် အဆင့်များ

## အဆင့် (၁) စည်းရုံးပါ။

- **<u>လုပ်ဖော်ကိုင်ဖက်များက မည်သူများလဲ</u>** Safe Work for Youth အား သင့်ကိုယ်ပိုင် လုပ်ငန်းတစ်ခုထဲအတွက် သို့မဟုတ် အခြား ကုမ္ပဏီများ သို့မဟုတ် အဖွဲ့အစည်းများနှင့်အတူ ပို၍ကြီးမားသော လှုပ်ရှားမှု တစ်ရပ်၏ အစိတ်အပိုင်းအဖြစ် ဆောင်ရွက်နေပါသလား။ အခြားသောသူများနှင့် အတူတကွ လုပ်ဆောင်ခြင်းသည် သက်ရောက်မှုတစ်ခုရှိရန် ကောင်းမွန်သော နည်းလမ်းတစ်ခုဖြစ်သည်။

- **<u>ရည်ရွယ်ချက်က ဘာလဲ</u>** သင့်အနေဖြင့် မည်သည့်အောင်မြင်မှုများ ရရှိမည်ဟု မျှော်လင့်ထားပါသနည်း။ ရရှိမည့် အဓိက အကျိုးကျေးဇူးမှာ သင်၏ဆောက်လုပ်ရေး လုပ်ငန်းခွင်၌ အချိန်နှင့်ငွေကြေး ကုန်ကျမှုများသည့် မတော်တဆထိခိုက်မှုများ နည်းပါးသွားခြင်းပင်ဖြစ်ပါသည်။ ထို့ပြင် အခြားသောအကျိုးကျေးဇူးများလည်း ရှိပါသေးသည်။ သေးငယ်သော ကုမ္ပဏီများပင် Safe Work for Youth သည် ၎င်းတို့ အဖွဲ့အစည်းအတွက် အမည်ကောင်း သို့မဟုတ် ဂုဏ်သတင်းများ ဖန်တီးရန် နည်းလမ်းတစ်ခု သို့မဟုတ် အလုပ်သမားများအား သင်တန်းပေးရန်အတွက် စမှတ်တစ်ခုအဖြစ် အသုံးဝင်ကြောင်း သိရှိလာကြမည်ဖြစ်ပါသည်။

## အဆင့် (၂)သတင်းအချက်အလက်များကို ကြိုတင်ပြင်ဆင်ပါ။

**လူငယ်အလုပ်သမားများအား လုပ်ငန်းခွင်နှင့် ကိုက်ညီအောင် ဆောင်ရွက်ပါ။**

- ဆောက်လုပ်ရေး လုပ်ငန်းခွင်အတွင်းသို့သွားပါ (မှတ်ဉာဏ်ကို အားကိုးပါက အချို့အကြောင်းအရာများကို မေ့ကျန်ရစ်နိုင်ပါသည်။ သို့ပါ၍ သင့်အနေဖြင့် လုပ်ငန်းခွင်တွင်ရှိနေခြင်းက ပို၍ အထောက်အကူရပါလိမ့်မည်။) ထို့နောက် ၎င်းနေရာတွင် ဆောင်ရွက်နေသည့် အလုပ်ကိစ္စရပ်များ၊ လုပ်ဆောင်ချက်များ အားလုံးကို စာရင်းတစ်ခု ပြုလုပ်ပါ။ သန့်ရှင်းရေးဆောင်ရွက်ခြင်း သို့မဟုတ် ကိရိယာတန်ဆာပလာများ ပြန်လည်သိမ်ဆည်းခြင်းကဲ့သို့သော တစ်နေ့တာအစတွင် ဆောင်ရွက်ရသည့် လုပ်ငန်းသာမက တစ်နေတာ ကုန်ဆုံးသည့်အချိန်၌ ဆောင်ရွက်ရသည့် ကိစ္စရပ်များလည်း ပါဝင်ပါစေ။ တောက်တိုမယ်ရအလုပ် သို့မဟုတ် ပစ္စည်းဝယ်ခြင်း သို့မဟုတ် စီထပ်ခြင်းကဲ့သို့သော သေးငယ်သော အလုပ်အမျိုးအစားများလည်း ပါဝင်ထည့်သွင်းပါ။
- လူငယ်အလုပ်သမားများအတွက် ပြင်းထန်လွန်းသည့် သို့မဟုတ် အန္တရာယ်ရှိသည်ဟု ထင်မြင်ယူဆသည့် တာဝန်များ၊ လုပ်ငန်းကိစ္စများ၊ သင်၏ ဆောက်လုပ်ရေး လုပ်ငန်းခွင်နေရာအတွင်း သီးခြားဖြစ်နေသော၊ ညစ်ညမ်းမှုဖြစ်နေသော သို့မဟုတ် အခြားအကြောင်း အရင်းများကြောင့် အန္တရာယ်ရှိနေသော တာဝန်များ၊ လုပ်ငန်းကိစ္စများ အားလုံးကို မင်နီတားထားပါ။

၎င်းသည် လူငယ်အလုပ်သမားများအတွက် သင်၏ "လုပ်ကိုင်ရန်သင့်၊ လုပ်ကိုင်ရန်မသင့်" ကနဦး စာရင်းပင်ဖြစ်ပါသည်။

**သင်၏ လုပ်ကိုင်ရန်သင့်၊ လုပ်ကိုင်ရန်မသင့် စာရင်းအား အလုပ်သမားများနှင့် ကိုက်ညီအောင် ဆောင်ရွက်ပါ။**

- အလုပ်သမားများအနေဖြင့် ဖတ်ရှုနားလည် နိုင်ပါသလား။ သူတို့ ဖတ်ရှုနားမလည် နိုင်ပါက "လုပ်ကိုင်ရန်မသင့်" သည့် အကြောင်းအရာတစ်ခုချင်းစီအတွက် ပုံကြမ်း၊ ကာတွန်း သို့မဟုတ် ဓာတ်ပုံများထည့်သွင်းပေးပါ။
- အလုပ်သမားများအားလုံး ဘာသာစကားတစ်မျိုးတည်းကို ပြောဆိုနေကြသလား။ ထိုသို့မဟုတ်ခဲ့ပါက ရုပ်ပုံပြစနစ်ကို အသုံးပြုပါ သို့မဟုတ် လုပ်ငန်းခွင်အတွင်းပြောဆိုနေသည့် ဘာသာစကားတစ်မျိုးခြင်းစီအတွက် စာဆောင်များ ပြင်ဆင်ပေးပါ။

- အလုပ်သမားတစ်ဦးချင်းစီအတွက် မိတ္တူ တစ်စောင်စီ ပေးရန် သင်ကုန်ကျခံနိုင်ပါသလား။ ကျခံနိုင်ခြင်း မရှိပါက ပိုစတာများအဖြစ် အစားထိုးပြောင်းလဲ ပြုလုပ်ပါ။
- အလုပ်သမားများ အနေဖြင့် လိုက်နာပါသလား။ လူငယ်အလုပ်သမားများ လိုက်နာလာစေရန် ဆောင်ရွက်ရမည့် အကောင်းဆုံးနည်းလမ်းမှာ ဆောက်လုပ်ရေး လုပ်ငန်းခွင်တွင် ဘေးကင်းစွာ မည်သို့လုပ်ဆောင်ရမည် ဆိုသည့် လမ်းညွှန်ချက် ပြုစုရေးသားရာတွင် ၎င်းတို့အား ပူးပေါင်းပါဝင်စေခြင်းနှင့် ၎င်းတို့အနေဖြင့် မည်သို့သော အကျိုးကျေးဇူးများ ရရှိနိုင်သည်ကို မြင်ကြည်စေခြင်းပင် ဖြစ်ပါသည်။
- လူငယ်အလုပ်သမားများက မည်သည့်အရာများကို ပိုမိုစိုးရိမ်တတ်သည်ကိုသင်သိပါသလား။ လူငယ် အလုပ်သမားများနှင့်အတူထိုင်ပြီး လုပ်ကိုင်ရန်သင့်၊ မသင့်စာရင်းတွင် လုပ်ငန်းဆောင်ရွက်ချက် တစ်ခုခု ကျန်ရစ်သွားမှု ရှိ/မရှိ ၎င်းတို့နှင့်အတူ ပြန်လည်သုံးသပ် ပြင်ဆင်ပါ။ ဆောက်လုပ်ရေး လုပ်ငန်းခွင်အတွင်း ၎င်းတို့ ရင်ဆိုင်တွေ့ကြုံနေရသည့် အန္တရာယ်များအား ပြင်းထန်သော ၊ အဖြစ်များသော၊ ဖြစ်ဖို့အလားအလာရှိသော အန္တရာယ်များ အစရှိသည်ဖြင့် ခွဲခြားမေးမြန်းပါ။ အဆိုပါ အန္တရာယ်များအား လက်စွဲစာစောင်အတွင်း ပါဝင်စေရန် သေသေချာချာဆောင်ရွက်ပါ။

**လုပ်ငန်းခွင်အတွင်းရှိ သတင်းအချက်အလက်များကို ထည့်သွင်းပါ။**

- ဆောက်လုပ်ရေး လုပ်ငန်းခွင်၌ ရှေးဦးသူနာပြုဆေးသေတ္တာ မည်သည့်နေရာမှာရှိပါသလဲ။
- အနီးစပ်ဆုံး ဆေးရုံ၊ ဆေးခန်းနှင့် မည်မျှ ကွာဝေးပါသလဲ။
- အရေးပေါ်အခြေအနေတွင် ဆက်သွယ်ရမည့်ကြီးကြပ်ရေးမှူး သို့မဟုတ် အခြားတာဝန်ရှိသူ၏အမည်နှင့် ဆက်သွယ်ရမည့် သတင်းအချက်အလက်များက ဘာတွေလဲ။

## အဆင့် (၃) ဖြန့်ပေးပါ။ လေ့ကျင့်သင်ကြားပေးပါ။

- "လူငယ်အလုပ်သမားများအား ဘေးကင်းအောင်ထားပါ"ဆိုသည့်စာစောင်များကို လုပ်ငန်းခွင်မန်နေဂျာ၊ ကြီးကြပ်ရေးမှူးနှင့် ပိုင်ရှင်/လုပ်ငန်းပိုင်ရှင်များသို့ ပေးဝေပါ။
- လူငယ်အလုပ်သမားတစ်ဦးချင်းစီအား "ဘေးကင်းအောင်နေထိုင်ရေးလမ်းညွှန်စာရွက်"အား ထုတ်ပေးထားပါ။
- အလုပ်သမားအသစ်များအား သင်တန်းပေးသည့်အခါ ယခုစာစောင်များအား အသုံးပြု သင်ကြားပေးပါ၊ ၎င်းတို့၏ ရာထူး/တာဝန်ပေါ်မူတည်၍ "လူငယ်အလုပ်သမားများအား ဘေးကင်းအောင်ထားပါ" စာစောင် သို့မဟုတ် "ဘေးကင်းအောင်နေထိုင်ရေးလမ်းညွှန်စာရွက်"ကို တစ်ဦးခြင်းစီအား ထုတ်ပေးထားပါ။[၃]

လက်စွဲ စာအုပ်များသည် သီးသန့်အုပ်စု တစ်စုကို ရည်ရွယ်သော်လည်း ဥပမာအားဖြင့် "ဘေးကင်းအောင်နေထိုင်ပါ"သည် လူငယ်များကို ရည်ရွယ် အခြားအဖွဲ့များအနေဖြင့်လည်း စာအုပ်ပါသတင်းအချက်အလက် အချို့သည် အသစ်အဆန်း ဖြစ်နေနိုင်ပါသည်။ လက်စွဲစာအုပ် တစ်အုပ်လုံးအား အခြားလုပ်ငန်းပိုင်ရှင်များ၊ ကုန်သည်ကြီးများအသင်း နှင့် အခြားအလားတူ အဖွဲ့အစည်းများထံသို့ ပံ့ပိုးပေးခြင်း၊ လက်စွဲစာအုပ်ပါ ဆီလျော်သက်ဆိုင်သည့် သတင်းအချက်အလက်များအား ၎င်းတို့၏ အဖွဲ့ဝင်များ၊ လူငယ် အလုပ်သမားများထံ တဆင့်ပြန်လည် ဖြန့်ဝေပေးစေခြင်းသည် ကလေးအလုပ်သမား ဥပဒေများ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ကျန်းမာရေး၊ ဆက်သွယ်ရမည့်သူများ၊အရင်းအမြစ်များတို့နှင့်ပတ်သက်သည့် အသုံးဝင်သော သတင်းအချက်အလက်များကို လူကြီးများထံ ပေးအပ်နိုင်သည့် ထပ်တိုး အကျိုးကျေးဇူးများ ရရှိလာလိမ့် မည်ဖြစ်ပါသည်။၎င်းအချက်သည် အရေးကြီးသည့် ဆက်သွယ်ချက်များကိုလည်း ဖြစ်ပေါ်စေပါသည်။ ဆိုလိုသည်မှာ လူငယ်များအနေဖြင့် နောက်ထပ် သတင်းအချက်အလက်များရရှိရန် သို့မဟုတ် အကူအညီတောင်းခံရန် လူကြီးများထံမှရယူနိုင်ကြောင်း ၎င်းတို့သိရှိသွားခြင်းပင် ဖြစ်ပါသည်။

၃ သင်တန်းအတွက်မူ မေးခွန်းများ မေးမြန်းလာခဲ့ပါက အရန်အဖြစ် ဆောင်ရွက်ပေးနိုင်ရန် လုပ်ငန်းခွင် ကျန်းမာရေးနှင့် စပ်လျဉ်းပြီး အတွေ့အကြုံရှိသည့် ဆေးဖက်ဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးအဖွဲ့အစည်းများရှိခြင်းသည် အထောက်အကူပြုပါသည်။

# အလုပ်ရှင်များအနေဖြင့် ထည့်သွင်းစဉ်းစားသင့်သည့် နောက်ထပ်လုပ်ဆောင်ချက်များ

စာရွက်စာတမ်းတစ်ခုဖြင့် လူများကို ပြောင်းလဲသွားအောင် ပြုလုပ်နိုင်ခဲ့ပါသည်။ သို့ပါ၍ လူငယ်အလုပ်သမားများကို ကာကွယ်ရန် ပိုမိုကျယ်ပြန့်သော လှုပ်ရှားမှုတစ်ခု၏ တစ်စိတ်တစ်ပိုင်း အဖြစ် "လူငယ်များအတွက် ဘေးကင်းသော အလုပ်" စာအုပ်ကို အသုံးပြုရန် စဉ်းစားခြင်းသည် သင့်တော်ကောင်းမွန်လှပါသည်။ ဆောက်လုပ်ရေး ကုမ္ပဏီပိုင်ရှင်များ၊ ဆောက်လုပ်ရေး လုပ်ငန်းရှင်များသည် လက်တွေ့ကျခြင်း၊ စဉ်းစားခြင့်ချိန်တတ်ခြင်း စသည် နာမည်ဂုဏ်သတင်း ကျော်ကြားခြင်းတို့ကြောင့် ၎င်းတို့သည် အပြောင်းအလဲတစ်ရပ် ဖြစ်ပေါ်လာစေရေး တွန်းအားကောင်းတစ်ရပ် ဖြစ်နိုင်ပါသည်။ ၎င်းတို့သာ ဦးဆောင်မည်ဆိုပါက အခြားသူများ နောက်က လိုက်ပါလာပါလိမ့်မည် ဖြစ်ပါသည်။ လုပ်ငန်းရှင် တစ်ယောက် ဦးဆောင်သည့် လှုပ်ရှားမှုတစ်ခုတွင် အောက်ပါ အချက်များပါဝင် သင့်ပါသည်-

## သတင်းအချက်အလက်များ စုဆောင်းခြင်း

အချက်အလက်များသည် လူအများအနေဖြင့် လူငယ်များ၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအပေါ် အရေးတကြီး ဆောင်ရွက်ရန်လိုကြောင်း နားလည် သဘောပေါက်စေရေး သက်သေပြနိုင်မည့် စမှတ်တစ်ခုဖြစ်ပါသည်။ လုပ်ငန်းရှင်များသည် မှတ်တမ်းအထောက်အထားများ ပြုစုပေးခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းခွင် အတွင်းဖြစ်ပွားသည့် လုပ်ငန်းခွင် မတော်ဆဖြစ်ရပ်များနှင့် ထိခိုက်ဒဏ်ရာရရှိမှုများအား သတင်းပေးပို့ခြင်းတို့ဖြင့် အဖိုးမဖြတ်နိုင်သည့် အထောက်အပံ့များ ပေးအပ်နိုင်ကြပါသည်။

## ဥပဒေများအား အားကောင်းအောင်ပြုလုပ်ခြင်း

လူအများစု၊ တာဝန်ရှိသူများပင် လူငယ်အလုပ်သမားများအား အကာကွယ်ပေးနေသည့် ဥပဒေများကိုမသိရှိကြပါ။ တစ်ခါတစ်ရံတွင် ပြည်တွင်းဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမား စံချိန်စံနှုန်းအကြား ကွာဟချက် သို့မဟုတ် မကိုက်ညီမှုများ ရှိနေတတ်ပါသည်။ ကလေးအလုပ်သမားဆိုင်ရာ ကိစ္စရပ်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး ကျန်းမာရေးဥပဒေတို့အပေါ် အားကောင်းလာအောင် ပြုလုပ်ခြင်း၊ စစ်ဆေးစည်းကြပ်ခြင်းများ ဆောင်ရွက်ပေးခြင်းတို့သည် နောင်ပိုင်း ဆောင်ရွက်ရမည့် လုပ်ဆောင်ချက်များအတွက် လိုအပ်သော အခြေခံအုတ်မြစ်ကို ဖြစ်ပေါ်စေပါသည်။ ဤအချက်နှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း ဆောင်ရွက်ပါ-

- အိမ် အကူလုပ်ငန်း၊ စိတ်နှင့်လူမှုရေးပိုင်းအန္တရာယ်၊ ညပိုင်းအလုပ်၊ အလုပ်ချိန်နှင့် ကျောင်းတက် ချိန်ပေါင်းစပ်ထားမှုများ၊ HIV/AIDS ကဲ့သို့သော ခြိမ်းခြောက်မှုအသစ်များအပါအဝင် လူငယ်များနှင့် သက်ဆိုင်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ကျန်းမာရေးအကြောင်းအရာများ အားလုံးကို လွှမ်းခြုံအကျုံးဝင်သော နည်းဥပဒေများထုတ်ပြန်ပံ့ပိုးခြင်း။

အလုပ်သမားရေးရာ စစ်ဆေးရေးအရာရှိများ၊ ရဲများနှင့်အစိုးရတာဝန်ရှိသူများအား လူငယ် အလုပ်သမားများ၏ အထူးထိခိုက်လွယ်အခြေအနေများ၊ အခွင့်အရေးများနှင့် လူငယ် အလုပ်သမားများကို ကာကွယ်ရန် အလုပ်ရှင်က ဆောင်ရွက်နေသည့် အလုပ်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ထောက်ပံ့ပေးခြင်း။

- မြန်မာနိုင်ငံရှိ ဥပဒေများအား အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ ပြဋ္ဌာန်းချက်အမှတ် ၁၃၈နှင့် ၁၈၂ တို့ပါ သတ်မှတ်ချက်များနှင့် အညီ ပြုစုထားသည့် ကလေးအလုပ်သမားများ အတွက် အန္တရာယ်ရှိသော တရားဝင်စာရင်းနှင့် နှိုင်းယှဉ်ကြည့်ခြင်း၊ (အန္တရာယ်ရှိသော အလုပ်တာဝန်နှင့် အလုပ်ချိန်တို့အကျုံးဝင်သည့် ကလေးအလုပ်သမား ဆိုင်ရာ ဥပဒေများကို နောက်ဆက်တွဲ (က)တွင် ကြည့်ပါ။)

- တည်ဆဲဥပဒေများအား မည်သို့ စစ်ဆေးစည်းကြပ်နေသည်နှင့် အန္တရာယ်ရှိသော လုပ်ငန်းခွင် အခြေအနေများ၌ အသက် (၁၈)နှစ်အောက် လူငယ် အလုပ်သမားများအား ဆက်လက်ခန့်ထား အသုံးပြုလျက်ရှိသည့် လုပ်ငန်းများကို အရေးယူမှု ရှိ/မရှိ တို့အပေါ် အသေအချာ အကဲဖြတ်ခြင်း၊
- အဓိက တာဝန်ရှိသူများ၏ အာရုံစိုက် အလေးထားမှုကိုရရှိစေရန် နည်းလမ်းတစ်ခုအဖြစ် လူငယ်များ လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုနှင့်ဆိုင်သည့် အချက် အလက်များ အား အသုံးပြုပြီး ဆောက်လုပ်ရေးလုပ်ငန်းနှင့် စပ်လျဉ်းပြီး လုပ်ငန်းကဏ္ဍတစ်ရပ်လုံးတွင် မည်မျှကုန်ကျသည်၊ တစ်ဦးတစ်ယောက်ခြင်းအတွက်မှု မည်မျှကုန်ကျသည်ကို တွက်ချက်ပြခြင်း၊

# အသိအမြင် မြှင့်တင်ပေးခြင်း

လူငယ်အလုပ်သမားများအပေါ် အကာအကွယ်ပေးခြင်းနှင့် စပ်လျဉ်းပြီး အခြားသူများအနေဖြင့် သူတို့၏ အခန်းကဏ္ဍအား သိရှိလာအောင်ပြုလုပ်ပါ။ ဤအချက်နှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း ဆောင်ရွက်ပါ-

- ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ကဲ့သို့သော အခြားသော ပွဲလမ်းများနှင့် ဆက်စပ်ပြီး အများပြည်သူအား အသိပေးသည့် လှုပ်ရှားမှုများ ပြုလုပ်ဆောင်ရွက်ခြင်း၊
- မူလတန်း၊ အလယ်တန်းနှင့် သက်မွေးပညာ သင်တန်းများ၏ သင်ခန်းစာများတွင် လုပ်ငန်းခွင် ကျန်းမာရေး အကြောင်း ထည့်သွင်းရန် တိုက်တွန်းခြင်း၊
- ဆောက်လုပ်ရေး လုပ်ငန်းခွင်အတွင်း လူငယ် အလုပ်သမားများ၏ ထိခိုက်ဒဏ်ရာရရှိမှုအား ကျန်းမာရေး ဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြခြင်း၊
- လူငယ်အလုပ်သမားများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုအား မည်သို့ တိုးတက်အောင်လုပ်နိုင်ကြောင်း ပြသသည့် သင်တန်းများဖွင့်လှစ်ပေးမည့်ဖြစ်ကြောင်း အလုပ်ရှင်အား ကမ်းလှမ်းခြင်း၊ ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ "WISE" (အသေးစား လုပ်ငန်းများအတွက် လုပ်ငန်းခွင်တိုးတက်ရေး) အစီအစဉ်သည် အကောင်းဆုံးသော နမူနာဖြစ်ပြီး၊ ကမ္ဘာတစ်ဝှမ်းတွင် အဆိုပါသင်တန်းအတွက် နည်းပြဆရာများလည်း အများအပြား ရှိကြပါသည်။
- အလုပ်ရှင်အဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းစုများ၊ ကုန်သည် ကြီးများအသင်း စသည်တို့၏ အစည်းအဝေးများတွင် သွားရောက် ရှင်းလင်းတင်ပြခြင်း၊ လူငယ်အလုပ်သမားများနှင့် သက်ဆိုင်သော သတင်းအချက်အလက်များအား ဥပဒေအသစ်၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး နည်းဥပဒေများ၊ အရင်းအမြစ်အသစ်များ၊ ပြည်ပပို့ကုန်ပစ္စည်းများနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်မှု သတင်းအချက်အလက်များကဲ့သို့သော ၎င်းတို့စိတ်ပါ စင်စားမည့် အခြားသော သတင်းအချက်အလက်များနှင့် ပေါင်းစပ်တင်ပြခြင်း၊
- လူငယ် အလုပ်သမားများ ခန့်ထားလုပ်ကိုင်နေသည့် အခြားအလုပ်ရှင်များထံ ၎င်းတို့၏ လုပ်ငန်းခွင်များအတွင်း ကပ်ထားရန် ပိုစတာများအား ပံ့ပိုးပေးခြင်း၊ နည်းလမ်း (၅)ရပ်ကဲ့သို့သော လက်ကမ်းစာစောင်များအား လူငယ် အလုပ်သမားများထံ ဖြန့်ဝေပေးခြင်း၊

# ထပ်ဆောင်း  သတင်းအချက်အလက်များ

# နောက်ဆက်တွဲများ - အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့် ပြဌာန်းချက်များ

## အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ တိုက်တွန်းချက် အမှတ် (၁၉၀)

**အသက် (၁၈)နှစ်အောက် ကလေးများအား အောက်ပါနေရာများတွင် မခိုင်းစေသင့်ပါ-**

### အပိုင်း (၂)

(ဂ) (၄) မိန်းခလေးများအနေဖြင့် အထူးအန္တရာယ်ကျရောက်နိုင်ခြေရှိသည့် ဖုံးကွယ်နေသော လုပ်ငန်းခွင် အခြေအနေများ၊

### အပိုင်း (၃)

(က) ကလေးများအား ရုပ်ပိုင်း၊ စိတ်ပိုင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့နှင့် ကြုံတွေ့နိုင်သော အလုပ်များ၊

(ခ) မြေအောက်၊ ရေအောက်၊ အန္တရာယ်ရှိသော အမြင့် သို့မဟုတ် အလုံပိတ်နေရာများတွင် လုပ်ကိုင်ရသည့် အလုပ်များ၊

(ဂ) အန္တရာယ်ရှိသော စက်၊ပစ္စည်းကိရိယာများ၊ လက်သုံးတန်ဆာပလာတို့နှင့် လုပ်ကိုင်ရသော အလုပ် သို့မဟုတ် လေးလံသော ဝန်ထုတ်များအား လူအားဖြင့် သယ်မရခြင်း သို့မဟုတ် သယ်ယူခြင်းများ လုပ်ကိုင်ရသည့် အလုပ်၊

(ဃ) ကျန်းမာရေးနှင့် မညီညွတ်သည့် လုပ်ငန်းခွင် ပတ်ဝန်းကျင်တွင် လုပ်ကိုင်ရသည့် အလုပ်၊ ဥပမာအားဖြင့် လူငယ်များအား အန္တရာယ်ရှိသော အရာဝတ္ထု၊ ပစ္စည်း သို့မဟုတ် လုပ်ငန်းစဉ်များ ထိတွေ့နိုင်သော သို့မဟုတ် ၎င်းတို့၏ ကျန်းမာရေးကို ထိခိုက်နိုင်သည့် အပူချိန်၊ ဆူညံသံ၊ တုန်ခါမှုများနှင့် ထိတွေ့နိုင်သောအလုပ်၊

(င) အလုပ်ချိန်ကြာရှည်ခြင်း သို့မဟုတ် ညပိုင်းတွင် လုပ်ကိုင်ရခြင်း သို့မဟုတ် အလုပ်ရှင်များ၏ ပရဝုဏ် အတွင်း ကလေးများအား ကျိုးကြောင်းညီညွတ်မှု မရှိဘဲ ကန့်သတ်ထားခြင်း ကဲ့သို့သော ထူးခြားပြီး ခက်ခဲသည့် အခြေအနေများတွင် လုပ်ကိုင်ရသည့်အလုပ်၊

## အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ပြဌာန်းချက် အမှတ်(၁၆၇)

### အပိုဒ် (၂)

(က) "ဆောက်လုပ်ရေး"ဆိုသည့် စကားရပ်တွင် အောက်ပါတို့ပါဝင်ပါသည်-

(၁) မြေတူးခြင်းနှင့် တည်ဆောက်ခြင်း၊ structure ပိုင်းဆိုင်ရာ ပြောင်းလဲခြင်း၊ ပြန်လည်မွမ်းမံခြင်း၊ ပြင်ဆင်ခြင်း၊ ထိမ်းသိမ်းခြင်း၊ အပါအဝင် ဆောက်လုပ်ရေး (သန့်ရှင်းရေးနှင့် ဆေးသုတ်ခြင်းအပါအဝင်) မည်သည့် structure နှင့် အဆောက်အဦများကို မဆိုဖြိုဖျက်ခြင်း၊

(၂) လေဆိပ်၊ သင်္ဘောဆိပ်၊ ဆိပ်ခံတံတား၊ ပြည်တွင်းရေကြောင်း သွားလာရေး၊ ဆည်၊ မြစ်၊ တောင်ပြိုကျခြင်း၊ ပင်လယ်ရေ ဖုံးလွှမ်းခြင်းများအား ကာကွယ်ရေး အလုပ်၊ လမ်းများနှင့် အမြန်လမ်းမများ၊ ရထားလမ်းများ၊ တံတားများ၊ လိုင်ခေါင်းများ၊ ရေထုတ်ပြွန်၊ ဆက်သွယ်ရေး၊ ရေထုတ်မြောင်းစနစ်၊ ရေဆိုးထုတ်၊ ရေနှင့်စွမ်းအင်ဖြည့်တင်းပေးခြင်း စသည်တို့နှင့် ဆက်စပ်နေသည့် အလုပ်များအပါအဝင် မြို့ပြအင်ဂျင်နီယာ လုပ်ငန်း၊

# ဥပဒေများ (အခြားနိုင်ငံများ)

**အသက် (၁၈)နှစ်အောက်များအား တားမြစ်ထားသည့် ဆောက်လုပ်ရေး လုပ်ငန်းနှင့် ဆက်စပ်သောအလုပ်များမှာ-**

- ဖော့ကလစ် မောင်းနှင်ခြင်း၊
- မြေပြင် သို့မဟုတ် ကြမ်းပြင်မှ အမြင့် ၁၀ ပေထက်ပိုသော အမြင့် ၌ လုပ်ရသောအလုပ်များ၊
- စက္ကူ ဘေထုပ်များ အတင်အချပြုလုပ်ခြင်းနှင့် ဘေထုပ်စက်များအား မောင်းနှင်ခြင်း၊
- လုပ်ငန်းပရဝုဏ်အတွင် အချိန်ပြည့် အသက် ၁၈ နှစ်ရှိ သို့မဟုတ် ပို၍ အသက်ကြီးသော သူတစ်ဦး၏ ကြီးကြပ်မှု မရှိဘဲ ည ၈ နာရီ နောက်ပိုင်း တစ်ယောက်တည်း အလုပ်လုပ်ရခြင်း၊
- အမိုးမိုးရခြင်း။ အမိုးအပေါ် သို့မဟုတ် အမိုးအနီးတဝိုက် လုပ်ကိုင်ရသည့် အလုပ်အားလုံး၊
- အမြင့်အထက် ၁၀ ပေ ထက် ပိုမြင့်သော နေရာများ၌ အလုပ်လုပ်ရခြင်း၊
- ဖျက်ဆီးခြင်း၊ဖြိုဖျက်ခြင်း၊
- ပင့်စက်၊ မြှောက်စက်နှင့် ကရိန်းစက်များ၊
- အချက်ပြရသည့် အလုပ်၊
- မြောင်းတူးခြင်းနှင့် မြေတူးခြင်း၊
- ဘွိုင်လာစက်ခန်း သို့မဟုတ် အင်ဂျင်စက်ခန်းများ အတွင်း၊
- စက်အားဖြင့် မောင်းနှင် လည်ပတ်သော သစ်အချောကိုင်စက် ပစ္စည်းများ၊
- မြေထိုး စက်များ၊
- ပေါက်ကွဲနိုင်သော ပစ္စည်းများ၊
- သတ္တုတွင်းများ၊
- အုတ်၊ အုတ်ကြွပ်နှင့် အလားတူ ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊
- အသက်ရှူကရိယာ၊ အကြားအာရုံကာကွယ်ရေး ကရိယာသုံးစွဲ လုပ်ကိုင်ရသည့် အလုပ်၊

**အသက် (၁၆)နှစ်အောက် ကလေးများ မလုပ်ကိုင်စေရန် ထပ်မံတားမြစ်ထားသည့် တာဝန်များ**

- ကားမောင်းခြင်း (အလွန်ကန့်သတ်ချက်ရှိသည့် အခြေအနေတစ်ခု အောက်၌ အသက် ၁၇ နှစ်ရှိပါက ကားမောင်းနိုင်ပါသည်။)
- အားဖြင့် လည်ပတ်မောင်းနှင်သော မည့်သည့် စက်ကိရိယာမဆို၊
- ဆောက်လုပ်ရေးလုပ်ငန်း၊
- ဝန်သယ်ယာဉ်များ အတင်အချပြုလုပ်ခြင်း၊
- သယ်ယူပို့ဆောင်ခြင်း၊ ပစ္စည်းသိုလှောင်ရုံ၊ သိုလှောင်သည့်နေရာနှင့် ကွန်ဗေယာအနီးရှိ အလုပ်များ၊
- ပြူတင်းပေါက်များ ဆေးကြောခြင်း အပါအဝင် လှေကားများ၊ ငြမ်းစင်များ၊

**လူငယ်များ အလုပ်လုပ်နိုင်သော အချိန်နာရီနှင့် နေ့ရက်များ**

အချို့နိုင်ငံများတွင် လူငယ်များအတွက် အလုပ်လုပ်ချိန်နှင့် ပတ်သက်ပြီးအောက်ဖော်ပြပါ ကန့်သတ်ချက်များ ထားရှိကြပါသည်။

| | | | | | |
|---|---|---|---|---|---|
| **စိုက်ပျိုးရေးလုပ်ငန်းမဟုတ်သည့် အလုပ်များတွင် အသက် (၁၆)နှစ်အောက် ကလေးများ အလုပ်လုပ်ခွင့်ရှိသည့် အလုပ်ချိန်နာရီနှင့် အချိန်ဇယားများ** | | | | | |
| | နာရီ/တစ်ရက် | နာရီ/တစ်ပတ် | ရက်/တစ်ပတ် | စချိန် | ပြီးဆုံးချိန် |
| **အသက် ၁၄-၁၅ နှစ်** | | | | | |
| ကျောင်းတက်ရက်များ | ၃နာရီ (စနေ၊ တနင်္ဂနွေ ၈ နာရီ) | ၁၆ နာရီ | ၆ ရက် | နံနက် (၇း၀၀) နာရီ | ည (၇း၀၀) နာရီ |
| ကျောင်းပိတ်ရက် | ၈ (နာရီ) | ၄၀ နာရီ | ၆ ရက် | နံနက် (၇း၀၀) နာရီ | ည (၇း၀၀) နာရီ |
| **အသက် ၁၆-၁၇ နှစ်** | | | | | |
| ကျောင်းတက်ရက်များ | ၄ နာရီ (၈ နာရီ သောကြာ၊ စနေ၊တနင်္ဂနွေ) | ၂၀ နာရီ | ၆ ရက် | နံနက် (၇း၀၀) နာရီ | ည (၁၀း၀၀)နာရီ (ညသန်းခေါင် သောကြာမှ စနေထိ) |
| အထူးခွင့်ပြုချက်ရှိသည့် ကျောင်းတက်ရက် | ၆ နာရီ (၈ နာရီ သောကြာ၊ စနေ၊ တနင်္ဂနွေ) | ၂၈ နာရီ | ၆ ရက် | နံနက် (၇း၀၀) နာရီ | ည (၁၀း၀၀) နာရီ (ညသန်းခေါင် သောကြာမှ စနေအထိ) |
| ကျောင်းပိတ်ရက် | ၈ နာရီ | ၄၈ နာရီ | ၆ ရက် | နံနက် (၀၅း၀၀) နာရီ | ညသန်းခေါင် |

**Fundamental Principles and Rights at Work Branch (FUNDAMENTALS)**
**Labour Administration, Labour Inspection and Occupational Safety and Health Branch (LABADMIN/OSH)**

**International Labour Organization**
4 route des Morillons
CH-1211 Geneva 22 – Switzerland
Tel.: +41 (0) 22 799 61 11
Fax: +41 (0) 22 798 86 95

fundamentals@ilo.org - www.ilo.org/childlabour
labadmin.osh@ilo.org - www.ilo.org/labadin.osh

**ILO Yangon Office**

No. 1 Kanbae (Thitsar) Road
Yankin Township
Yangon – Myanmar
Tel: +(951) 233 65 39
Fax: +(951) 233 65 82

yangon@ilo.org - www.ilo.org/yangon

ISBN 978-92-2-030778-6